# ချင်းပြည်နယ်ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## (၂၀၁၄ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် - ၄ )

## (၁၃၇၆ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် )

## (၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ချင်းပြည်နယ်ပုဂ္ဂလိကမော်တော်ယာဉ်များစနစ်တကျ ပြေးဆွဲနိုင်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေပုဒ်မ **၂ ပုဒ်မခွဲ (စ)နှင့် (ဆ)**တွင် ပါရှိသော **"ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"**ဆိုသည့် စကားရပ်ကို **"ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန"**ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

GIRDAC

၃။ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေး **ဥပဒေပုဒ်မ ၂ (ဆ)** ၏ နောက်တွင် **ပုဒ်မခွဲ(ဇ)**ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဇ) **ကော်မရှင်** ဆိုသည်မှာ ချင်းပြည်နယ်အတွင်း ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ကော်မတီကို ဖွဲ့စည်းရန်အတွက် ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းပေးသော **ရွေးချယ်ရေး ကော်မရှင်** ကို ဆိုသည်။

၄။ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)မှ (ဏ)** ကို ပုဒ်မခွဲ**(ဈ)** မှ **(တ)**အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **ပုဒ်မ၂၊ ပုဒ်မခွဲ (တ)** ၏ နောက်တွင် **ပုဒ်မခွဲ(ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ) နှင့် (ဖ)** တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ထ) **မော်တော်ယာဉ်လုပ်ငန်း** ဆိုသည်မှာ ပုဂ္ဂလိကမော်တော်ယာဉ်ကို အသုံးပြု၍ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတို့ကို စီးပွားရေးအလို့ငှာ လုပ်ကိုင်ဆောင်ရွက်သော လုပ်ငန်းကို ဆိုသည်၊

(ဒ) **ပုဂ္ဂလိကမော်တော်ယာဉ်** ဆိုသည်မှာ နိုင်ငံတော်ပိုင်ယာဉ်မှအပ စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂလိကမော်တော်ယာဉ်ကို ဆိုသည်၊

(ဓ) **မော်တော်ယာဉ်အသင်း** ဆိုသည်မှာ ဤဥပဒေနှင့်အညီ တူညီသော လုပ်ငန်းအတွက် တူညီသော ရည်ရွယ်ချက်ဖြင့် မော်တော်ယာဉ်ပိုင်ရှင်များဖြင့် ဖွဲ့စည်းထားသည့်အသင်းကို ဆိုသည်၊

(န)**စင်းလုံးငှားယာဉ်** ဆိုသည်မှာ စင်းလုံးငှားစနစ်ဖြင့် စီးပွားရေးအလို့ငှာ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သည့် ယာဉ်ကို ဆိုသည်၊

(ပ) **ကြိုပို့ယာဉ်** ဆိုသည်မှာ နှစ်ဘက်သဘောတူစာချုပ်အရ ခရီးသည်များအား ကြိုပို့လုပ်ငန်းလုပ်ကိုင်သည့်ယာဉ်ကို ဆိုသည်၊

(ဖ) **နည်းဥပဒေ** ဆိုသည်မှာ **ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ** ကို ဆိုသည်။

GIRDAC

၆။ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **အခန်း(၂)တွင် ပုဒ်မ ၃** ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**ပုဒ်မ ၃။** အစိုးရအဖွဲ့သည် ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းနိုင်ရန်အတွက် **ကော်မတီရွေးချယ်ရေးကော်မရှင်** ကို ဖွဲ့စည်းပေးရမည်။

၇။ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေ**ပုဒ်မ ၃** ကို **ပုဒ်မ ၄** အဖြစ် အစားထိုးရမည်။

**ပုဒ်မ ၄ ။** အစိုးရအဖွဲ့သည် ကော်မတီကို **ကော်မရှင်** ၏ ကြီးကြပ်မှုဖြင့် အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

၈။ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **ပုဒ်မ ၃ ၊ ပုဒ်မခွဲ(က)မှ (ဃ) ကို ပုဒ်မ ၄၊ ပုဒ်မခွဲ(က)မှ (ဃ)** အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၉။ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)တွင်** ပါရှိသော **"ဝန်ကြီးဌာန"**ဆိုသည့် စကားရပ်ကို **" ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေတွင် **အခန်း(၃)** ကြီးကြပ် ဆောင်ရွက်ခြင်း၊ **ပုဒ်မ ၅ ၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀** တို့အရဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**ပုဒ်မ ၅။** ကော်မတီသည် သတ်မှတ်ချက်များနှင့်အညီ အောက်ဖော်ပြပါပုဂ္ဂလိက မော်တော်ယာဉ်များကို ကြီးကြပ်ရမည်၊

(က) ခရီးသည် တင်ယာဉ်များ (ယာဉ်လိုင်း၊ စင်းလုံးငှားယာဉ်၊ ကြိုပို့ ယာဉ်များ)၊

(ခ) ကုန်စည်ပို့ဆောင်ရေးယာဉ်များ။

**ပုဒ်မ ၆။** ချင်းပြည်နယ်အတွင်း ပြေးဆွဲသော ပုဂ္ဂလိကမော်တော်ယာဉ်များသည် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက် များနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်ထားရှိပြီးဖြစ်ရမည်။

GIRDAC

**ပုဒ်မ ၇။** မည်သူမျှ ချင်းပြည်နယ်အတွင်း စီးပွားရေးအရ သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းလိုင်စင်ရရှိထားခြင်းမရှိဘဲ မော်တော်ယာဉ်လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်ခြင်းမပြုရ။

**ပုဒ်မ ၈။** ချင်းပြည်နယ်အတွင်း စီးပွားရေးအလို့ငှာ မော်တော်ယာဉ်လုပ်ငန်းလုပ် ကိုင်သည့် မည်သည့်ပုဂ္ဂလိကမော်တော်ယာဉ်မဆို မိမိလုပ်ငန်းနှင့် စပ် ဆိုင်သည့် ယာဉ်အသင်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်၌သာ ဆောင်ရွက် ရမည်။

**ပုဒ်မ ၉။** စီးပွားရေးအလို့ငှာ မော်တော်ယာဉ်လုပ်ငန်းလုပ်ကိုင်သည့် မည်သည့် ပုဂ္ဂလိကမော်တော်ယာဉ်မဆို သတ်မှတ်ထားသည့် ယာဉ်ရပ်နားစခန်း၊ ထွက်ခွာရန်နေရာ၊ ဂိတ်နေရာနှင့် သတ်မှတ်လမ်းကြောင်းအတိုင်းသာ ရပ်နားခြင်း၊ ထွက်ခွာခြင်း၊ ဝင်ရောက်ခြင်း ပြုရမည်။

**ပုဒ်မ ၁၀။** စီးပွားရေးအလို့ငှာ မော်တော်ယာဉ်လုပ်ငန်း လုပ်ကိုင်သည့်ပုဂ္ဂလိက မော်တော်ယာဉ်များ၏ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များသည် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် ယာဉ်

မောင်းလိုင်စင်နှင့် ယာဉ်နောက်လိုက်လိုင်စင်တို့ကို ရယူထားသူများ ဖြစ်ရမည်။

၁၁။ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **အခန်း(၃) ပုဒ်မ ၄၊ ပုဒ်မခွဲ(က)မှ (ည)ကို အခန်း(၄)ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)မှ (ည)** အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၂။ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေ **ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ခ)၊ (ဂ)၊ (ဃ)၊ (ည)** တို့တွင် ပါရှိသော **"ဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ကို **"ကုန်လမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့"** ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၃။ ပုဂ္ဂလိကမော်တော်ယာဉ်များအနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေ **အခန်း(၄) ပုဒ်မ ၅၊ ပုဒ်မခွဲ(က)မှ (စ)** ကို **အခန်း(၅) ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)မှ (စ)** အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၄။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **ပုဒ်မ၁၂၊ ပုဒ်မခွဲ(ဂ) တွင် ပါရှိသော "ဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ကို **"ပြည်နယ်အဆင့် ဌာနဆိုင်ရာ၊ အဖွဲ့အစည်းများ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

GIRDAC

၁၅။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **အခန်း(၅)ပုဒ်မ ၆၊ ပုဒ်မခွဲ(က)မှ (ဏ)** ကို **အခန်း(၆)ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)မှ (ဏ)** အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၆။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **ပုဒ်မ ၇၊ ပုဒ်မခွဲ(က)မှ (ဂ)ကို ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) မှ (ဂ)** အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၇။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) နှင့် (ခ)** တို့တွင် ပါရှိသော **"ဝန်ကြီးဌာန"** ဆိုသည့်စကားရပ်ကို **"ကုန်လမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ ပုဂ္ဂလိကမော်တော်ယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **အခန်း(၆)ပုဒ်မ ၈၊ ပုဒ်မခွဲ (က)မှ (ဃ)** ကို **အခန်း(၇)ပုဒ်မ ၁၅၊ ပုဒ်မခွဲ ၁၅၊ ပုဒ်မခွဲ(က) မှ (ဃ)** အဖြစ် ပြန်လည်အမှတ်စဉ် ရမည်။

၁၉။ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြောင်းရွှေ့ပြောင်းလဲဆွဲနိုင်ရေးဥပဒေ **ပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)** တွင် ပါရှိသော **“ဝန်ကြီးဌာန”** ဆိုသည့် စကားရပ်ကို **“ကုန်လမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့”** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **အခန်း(၇) ပုဒ်မ ၉၊ ၁၀၊ ပုဒ်မခွဲ(က)နှင့် (ခ)** ကို **အခန်း(၈)ပုဒ်မ ၁၆၊ ၁၇၊ ပုဒ်မခွဲ(က)နှင့် (ခ)** အဖြစ် ပြန်လည်အမှတ်စဉ် ရမည်။

၂၁။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **အခန်း(၈)ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၁၂ ကို အခန်း(၉) ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၁၉** အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၂၂။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **အခန်း(၁၀)အရေးယူခံခြင်း ပုဒ်မ ၂၀ နှင့် ပုဒ်မ ၂၁၊ ပုဒ်မခွဲ(က)၊ (ခ)** အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**ပုဒ်မ ၂၀။** ကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို အကျေနပ်ပါက ယင်းအမိန့်ချမှတ်သည့် နေ့မှ ရက်ပေါင်း(၃၀)အတွင်း ကုန်းလမ်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့သို့ အယူခံဝင်နိုင်သည်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှ ချမှတ်သောအမိန့်၊ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ရက်ပေါင်း (၃၀)အတွင်း အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

**ပုဒ်မ ၂၁။** စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်အပေါ် အယူခံမှုနှင့် စပ်လျဉ်း၍-

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၂၃။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **အခန်း(၉) ပုဒ်မ ၁၃၊ ၁၄၊ ၁၅ ကို အခန်း(၁၁)ပုဒ်မ ၂၂၊ ၂၃၊ ၂၄** အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၂၄။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **အခန်း(၁၀) ပုဒ်မ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၄၊ ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၂၅ ကို အခန်း(၁၂) ပုဒ်မ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁ ပုဒ်မခွဲ (က)၊ (ခ)နှင့် ပုဒ်မ ၃၂** အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

GIRDAC

၂၅။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **ပုဒ်မ ၂၄**တွင် ပါရှိသော **ပုဒ် ၁၁**ကို **ပုဒ်မ ၁၈** ဖြင့် အစားထိုးရမည်။

၂၆။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **ပုဒ်မ ၂၈** တွင် ပါရှိသော **ပုဒ်မ ၁၁၊ ၁၃၊ ၁၄** တို့ကို **ပုဒ်မ ၁၈၊ ၂၂၊ ၂၃** အဖြစ် အသီးသီး အစားထိုးရမည်။

၂၇။ ပုဂ္ဂလိကမော်တော်ယာဉ်များ အနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ **အခန်း (၁၀) ပုဒ်မ ၂၂၊ ၂၃၊ ပုဒ်မခွဲ(က)နှင့် (ခ)** တို့ကို ပယ်ဖျက်ရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

GIRDAC

(ဟုန်းငိုင်း)
ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့